# သခင့်စကား

ဝိညာဉ်ရေးရာစာစောင်


ဇါ ဆုံးမသော စကားကို နားလည်၍ ပြောင်းလဲ ကြလော့။ သုတ္တံ ၁း၂၃


အမှတ်စဉ်(၂၉)   ဇန္နဝါရီလ   ၂၀၀၄ ခုနှစ်   စေ့ဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည် )


## ရင်ခွင်တော်ဆီသို့ . . .



တကယ်ပါဘဲဗျာ၊ အံ့ပါရဲ့။ ကျုပ်ဖြင့် ဒီလောက်ကြီးတဲ့သင်္ဘောကြီးတွေ တစ်ခါမှ မတွေ့ခဲ့ဖူးဘူး။ စင်ကာပူရောက်မှဘဲ မြင်ဖူးတော့တယ်။ ရွာက သူငယ်ချင်းများ ပြောပြရင် ယုံမယ် မထင်ဘူးဗျာ။ ကျုပ် အမှန်အတိုင်းပြောရရင် ဧရာဝတီမြစ်ကြီးထဲ သွားတဲ့ သင်္ဘောတွေလောက်ဘဲ မြင်ဖူးတာ။ တစ်ခါလား၊ ဈေးသင်္ဘောဆိုက်လို့ သွားကြည့်ဖူးတယ်။ ကျုပ်ဖြင့် ကြီးလှပြီ မှတ်နေတာ။ အကြီးဆုံးဆိုလို့ ဒီလောက်ဘဲမြင်ဖူးတာဗျို့၊ အဟုတ်။ အခုများတော့လား၊ အင်ဂျင်တစ်လုံးထဲတင် ရွာက သူကြီးအိမ်ထက် ကြီးသေးဗျာ၊ မြင့်ချက် ကတော့ ရန်ကုန်က တိုက် တွေလိုပါဘဲ။ တစ်နေ့တစ်နေ့ တက်ဆင်းရတာ ကျုပ်ဖြင့် ဟောဟဲ ဆိုက်နေတာပါဘဲဗျာ။

ကျုပ်ဇာတိက အညာ ကဗျ၊ ချောက်မြို့နဲ့ ၂ မိုင်ခွဲလောက်ဝေးတဲ့ ရွာ တစ်ရွာ ကပေါ့။ ကျုပ်မှာ ညီအစ်ကို မောင်နှမ ၃ ယောက်ရှိတယ်။ ကျုပ်က အကြီးဆုံး၊ အောက်က ညီမလေးနဲ့ ညီအငယ်ဆုံး တစ်ယောက်ရယ်၊ ရှိတယ်ပေါ့ ဗျာ။ အညာသား ခေါ်ရင်လဲ ကျုပ် စိတ်မဆိုးတတ်ပါဘူး။ ကျုပ်အဖေက ဗမာ၊ ကျုပ်အမေက ကရင် လူမျိုး။ ကျုပ်အဖေက တခြားဘာသာဝင်ဗျ။ အမေကတော့ ခရစ်ယာန်ပါဘဲ။ ကျုပ်တို့မောင်နှမတွေက အမေ့ကို ချစ်လို့ ခရစ်ယာန်ဘဲပေါ့။ ငယ်ငယ်က ကျုပ်အမေက သခင်ယေရှုအကြောင်း၊ ပျောက်သောသား ပုံပြင် အကြောင်း ခနခနပြောပြတယ်။

ပျောက်သော သားဆိုးပုံပြင် ဆိုရင် ကျုပ် မျက်ရည်လည်လာတဲ့အထိ ခံစားရတယ်။ ကောင်းချက် ကတော့ဖြင့် ရင်ထဲစွဲ နေတာပါဘဲ။ အမှန် ဝန်ခံရမယ်ဆိုရင် ကျုပ်ကိုယ်တိုင် ဘယ်လို ခရစ်ယာန်ဆိုတာ ကျုပ် မသိဘူး။ သီချင်းလဲ မဆိုတတ်၊ ကျမ်းစာ ဖတ်ခိုင်းရင် အမိုးနဲ့ ရန်ဖြစ်ရတာ အမောဗျာ။ ကျုပ် သိထားသလောက်ဆိုရင် သခင်ယေရှုဟာ ဘုရားသခင်ရဲ့ သားတော်၊ သူ့ကို ယုံကြည်လက်ခံရင် ကောင်းကင်ဘုံရောက်မယ်။

ဒါပေမဲ့ ကျုပ် လက်မခံတာ တစ်ခုဗျာ၊ သူများ ပါးတစ်ဘက် ပုတ်ရင် အခြားပါးတစ်ဘက် ကို လှည့်ပေးရမယ်ဆိုတဲ့ အချက်ကိုလေ။ ဒါကတော့ ကျုပ်နဲ့ ဆန့်ကျင်ဘက် ဘဲဗျ။ ဘယ်ဖြစ်ပါ့မလဲ၊ ဘယ်ကိုက်ပါ့မလဲဗျာ။ ရွာက ကောင်တွေက ကျုပ်ကို သွေးတိုးစမ်းနေတာ။ အလျော့ပေးလိုက်လို့များကတော့ – ဒင်းတို့ က ဖိနှိပ် လိုက်မဲ့ အမျိုး၊ ဆော်လိုက်မဲ့ အမျိုး၊ ခက်သားလားဗျာ။ ကျုပ်က မတရားတာဆို လုံးဝ မကြိုက်၊ ငြိမ်မခံ တတ်တော့ သခင်ယေရှုရဲ့ တရားတော်နဲ့ ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်နေတာပေါ့။ ကျုပ် ကိုယ်တိုင်လဲ သူများကို အသားလွတ် မစော်ကားဘူး။ ကူညီစရာရှိလဲ ကျုပ်ရှိသမျှ အကုန်ပေးမယ်။ မအိပ်မနေ ကူညီ ရမယ်ဆိုလဲ ကျုပ် ကူညီမယ်။ ဒါပေသိလို့ အသားလွတ် စော်ကားလာရင် တင်စီးလာရင် ဒင်းတို့ ကျုပ်နဲ့ တွေ့ဖို့သာ[illegible]။ ကျုပ်အသက် ၁၈ နှစ်ရှိပြီ။ ကျုပ်ကို စော်ကားလာတဲ့ကောင် မှန်သမျှ ဆော် လွှတ်တာချည်းဘဲ။ ရွာထဲက ကျုပ်နဲ့ ရွယ်တူ ကာလသားတွေ လက်ညှိုးထိုး မလွဲဘူး။ ကျုပ်အဖေ ရွာသူကြီး ဆီမှာ ခံဝန်ကတိ လက်မှတ်ထိုးပေးရတာ အခါခါဘဲ။ ကျုပ် အဖေလည်း ကြိမ်းပေါင်း များလှပြီ။ အမေကတော့ သည်းခံဖို့ဘဲ တဖွဖွပြောတယ်။ မိဘများ က ကျုပ်ကိုတော့ ချစ်သားလားဗျာ။

တစ်လ တစ်ခါ၊ နှစ်လ တစ်ခါ၊ ချောက်မြို့က သင်းအုပ်ဆရာ ဆရာချောက် လာတယ်။ တရားဟောတယ်။ ဘုရားအကြောင်းတွေ ပြောတယ်။ ဘုရားရှိခိုးတယ်။ လာတိုင်းလည်း အမေက ဆရာနဲ့တိုင်တယ်။ ဒီကောင် မလွယ်ဘူး၊ ခနခန ရန်ဖြစ်တယ်။ ကျုပ်အကြောင်းကို တိုင်တော့တာပါဘဲ။ ဆရာ ဘုရားရှိခိုးရင် ကျုပ်ကို ကျမ်းစာ အမြဲ ဖတ်ခိုင်းတယ်။ ဆရာက သည်းခံဖို့ချည်း ဘဲ ကျုပ်ကို နားချတော့တာပါဘဲ။ ကျုပ်ဘက်ကတော့ အားနာလို့သာ ပြော လိုက်တယ်၊ ကတိတော့ မပေးဘူး။ ဟုတ်ကဲ့ တစ်လုံးထဲဘဲ။ ကျုပ်ကလည်း၊ ကျုပ်ဘဲဗျာ၊ သည်းမခံ ရေးချ သည်းမခံဘဲ။ သူများ မတရားလုပ်ရင်တော့ လုံးဝ သည်းမခံတတ်ဘူး။ ဒါ ကျုပ်ရဲ့ မူဝါဒဘဲ။

တစ်နေ့တော့ ကံကြမ္မာဆိုးတစ်ခု ကျုပ်တို့ မိသားစုထဲဝင်လာတယ်။ ကျုပ်အဖေ ဆေးရုံတက်ရတယ်။ အဆုတ်ကင်ဆာ ဆိုတာပြောသံကြားမိတယ်။ ကုန်လိုက်တဲ့ ငွေ၊ သောက်သောက်လဲဘဲ။ ၂လ လောက်ဘဲ ခံတယ်။ ကျုပ်အဖေ ဆုံးသွားတယ်။ ကျုပ်တို့ မိသားစု အားကိုးရတဲ့ ရွှေတောင်ကြီး ပြိုလဲခဲ့ပြီ။ ကျုပ်လဲ ဆောက်တည်ရာမရ ငိုကြွေးမိတယ်။ အမေကတော့ တစ်စက်မှ မငိုဘူး။ အဟုတ်။ ကျုပ်ဖြင့် အံ့သြနေရဲ့။ ကျုပ်အဖေကလဲ အဖေပါဘဲ။ ဆေးလိပ်ကြိုက် ချက်ကတော့ လွန်လွန်းအားကြီးတယ်။ ကျုပ်လဲ ပြောတာပါဘဲ။ ချောင်းဆိုးနေ လျက်ကို ဆေးလိပ်က မရပ်နိုင်ဘူး။ အိပ်ချိန်တစ်ချိန်တည်း ပါးစပ်ထဲ မတွေ့တာ။ ကျန်တဲ့ အချိန် ယာထဲမှာ တစ်ချိန်လုံး ခဲနေတော့တာပါဘဲ။ တစ်ခါတစ်လေများ သူ့ဆီမှာ ဆေးလိပ်သောက်စရာ မရှိရင် ကျုပ်ကို လူကြုံနဲ့ မှာပို့ခိုင်းတယ်။

အဖေဆုံးလို့ ရက်လည် မတိုင်ခင်၊ အမေ့မောင် တော်တဲ့ လူကြီးတစ် ယောက် ရောက်လာတယ်။ ကျုပ်ရဲ့ ဦးလေး တော်မှာပေါ့။ သင်္ဘော အရာရှိဆို လား၊ ဘာလား။ ကျုပ်ဖြင့် အခုတစ်ခါဘဲ မြင်ဖူးတယ်။ သူက ကျုပ်ကို မေးတယ်။ မင်း နိုင်ငံခြားမှာ အလုပ်သွားလုပ်မလားတဲ့။ ကျုပ်ကတော့ မသွားချင်ဘူး၊ ကျုပ်အမေနဲ့ မခွဲချင်ဘူး။ ဒါပေမဲ့ အိမ်ရဲ့ စီးပွားရေးကလဲ မကောင်းဘူး။ ပိုက်ဆံ အများကြီး ရမယ်ဆိုလို့၊ အမေ့ကို သနားတာနဲ့ "သွားမယ်" လို့ပြန်ဖြေလိုက်ပါ တယ်။ ကျုပ်က ဇတန်းနဲ့ ကျောင်းထွက်တာဆိုတော့၊ အင်္ဂလိပ်လိုက မရ။ ချောက်မြို့က ဆရာအိမ်မှာ လက်ပူတိုက် သင်ရတာပေါ့။ ထမင်းစား၊ ရေသောက် နဲ့ ဦးလေး စီစဉ်မှု ဘုရားသခင် လမ်းပြမှုကြောင့် စင်ကာပူကို ရောက်လာခဲ့ တယ်။ တကယ်ဘဲ ဘုရားသခင်ကို ကျေးဇူးတင်ချက် ကဖြင့်တော့။ မမေ့နိုင် အောင်ပါဘဲ။

ကျုပ် သင်္ဘောကျင်းမှာ အလုပ်လုပ်ရတယ်။ ပိုက် ( **pipe** )နဲ့ ပါတ် သက်တဲ့ အလုပ်ပေါ့ဗျာ။ ဒါနဲ့ ပြောရအုံးမယ်။ စင်ကာပူ စ ရောက်တော့ ဘောင်းဘီရှည်တွေ၊ ရှူးဖိနပ်တွေ၊ ဝတ်ရတော့ ကျုပ်ဖြင့် ဟိုနေရာက ယားသလို လို၊ ဒီနေရာက ယားသလိုလို ဘဲဗျို့။ အနေရ ကျပ်ချက်ကတော့၊ အခုတော့ နေ သားကျသလို ဖြစ်သွားပါပြီ။ ဒါတောင် ကျုပ်က ဗိုက်ပူပူ၊ ငွတိုတို ဆိုတော့ ဖရဲသီး ဘောင်းဘီပတ်ထားသလို ဖြစ်နေတာပေါ့။ ဘာဘဲဖြစ်ဖြစ် ဘိုဆန်ဆန် စတိုင်ကျကျ ဓါတ်ပုံတွေ ရိုက်ပြီး အမေနဲ့ မောင်နှမတွေ အတွက်ရယ်၊ ဖိုးတုတ်တို့၊ သာဝတို့၊ ဖိုးခွေးတို့ သူငယ်ချင်းတွေကို ပို့ပြီး ကြွားရအုံးမယ်။ ဟဲ ဟဲ ဟဲ။ စင်ကာပူက လူတော်တော်များများက **Hand phone** တွေကိုင်

တယ်။ ကျုပ်လဲ ဖုန်းတစ်လုံးလောက် ကိုင်မလားလို့ စဉ်းစားမိသေးတယ်။ ဒါပေသိလို့ ကျုပ်မောင်နှမတွေအတွက် ငွေလာရှာတာဘဲဗျာ။ ကျုပ်ဖြင့် မစဉ်းစားရဲပါဘူး။ ကျုပ်အလုပ်က မနက် ၆နာရီဆို ကုမ္ပဏီက လော်ရီ လာကြိုတယ်။ ၇နာရီခွဲဆို အလုပ်စ။ မနက်တိုင်း **Safety meeting** ရှိတယ်။ အဲဒါကလဲ နေ့တိုင်း ဘဲ။ ကျုပ်ဖြင့် စိတ်ညစ်ချက်ကတော့ **English** လိုပြော၊ **English** လိုရှင်းပြ၊ မေးတာကို ပြန်ဖြေရနဲ့ ရှုပ်ကို ရှုပ်လွန်းပါတယ်ဗျာ။ သင်္ဘောကျင်းတွေမှာ၊ သင်္ဘောကြီးတွေမှာ၊ **SAFETY FIRST** ဆိုတဲ့ စကားလုံးကြီးတွေ ခနခန တွေ့ရတယ်။ ကျုပ်ဖြင့် အပိုတွေပါ၊ အလွန်မုန်းတယ်။ နောက်တစ်ခု ကတော့ **Safety man** ဆိုတဲ့ ပုဂ္ဂိုလ်များဆို ကျုပ် မုန်းချက်က ရွာမှာဆို ကျုပ်လက်နဲ့ တွေ့ပြီဘဲ၊ ရစ်သလား မမေးနဲ့ ၊ အပြစ်ရှာချက် ကတော့ ဒေါင့် စေ့တယ်။ အရင်တလောက ဘဲဗျာ၊ ကျုပ်တို့ အလုပ်လုပ်နေတဲ့ **Gas** ပိုက်က လေမလုံလို့ ဆိုပြီး၊ ဖမ်းတာ၊ **Fine** ဒေါ်လာတစ်ရာတောင် ပေးရတယ်။ ထိချက်က နာသဗျာ။ အဲဒီနေ့ဖြင့် ကျုပ်ထမင်းတောင် မစားနိုင်အောင်ပါဘဲဗျာ။

ကုမ္ပဏီက တခြားလူမျိုးခြား အိန္ဒိယတွေ၊ ဘင်္ဂလားတွေ ခနခန **Accident** ဖြစ်တာကြားရတယ်။ လွန်ခဲ့တဲ့ အပါတ်ကဆို **safety meeting** တစ်နေ့ကို နှစ်ခါလုပ်တယ်။ စိတ်ကုန်ချက်ကတော့ မပြောချင်ဘူး၊ တစ်နေ့ – ကျုပ်အလုပ်က အင်ဂျင်ခန်းထဲ ပိုက်တွေ ဖြုတ် လဲရတဲ့ တာဝန် ဖြစ်တယ်။ ပိုက်တွေကို ချိန်းဘလောက်နဲ့ ဆွဲထုတ်နေတုံး ကျုပ်က ချိန်းဘလောက်ကို အဆွဲ၊ ချိန်းဘလောက် ပြုတ်ကျ ပါလေရော။ ကျုပ်ဖြင့် မျက်စိထဲ ပြာသွားတယ်။ ကျုပ်ခေါင်းနဲ့ လွတ်ရုံလေးဘဲ၊ လေတောင် ဟပ်သွားတယ်။ ရှေ့ကို အရှိန်ပြင်းပြင်းနဲ့ ကျလာတဲ့ ချိန်းဘလောက်ကို မှင်သေသေနဲ့ ကြည့်နေမိတယ်။ **Foremen** ကပြေးလာတယ်။ ကျုပ်နဲ့ တွဲလုပ်တဲ့သူကို ဆူတယ်။ ကျုပ်ကိုတော့ ကံကောင်းတဲ့အကြောင်း ပြောသွားတယ်။ ကျုပ်က ဒါ ကံကောင်းတာ မဟုတ်၊ ဘုရား ကယ်တာဘဲ လို့ စိတ်ထဲက ရေရွတ်ပြီး ကျေးဇူးတော်ကို ချီးမွမ်းမိတယ်။

အိမ်အပြန်မှာ – တကယ်လို့ ချိန်းဘလောက် ပြုတ်ကျပြီး ငါသေသွားရင် ဘယ်ရောက်မလဲလို့ တွေးမိရင်း၊ ကျုပ် အသက်တာက **Safe** ဖြစ်ရဲ့လားလို့ ကိုယ့်ကိုယ်ကို ပြန်မေးမိတယ်။ နောက်တစ်ခုကတော့ ကျုပ်ဘုရားသခင်ကို မေ့နေပေမဲ့၊ ဘုရားသခင်က ကျုပ်ကို ချစ်သားလားဗျာ ဆိုပြီး၊ ကျုပ်မျက်ရည်ကျပြီး ဘုရားသခင်ကို ခွင့်လွှတ်ဖို့ တောင်းပန်မိတယ်။

ကျုပ် အခိုင်အမာ ဆုံးဖြတ်ချက်ချလိုက်တယ်။ မနက်ဖြန် ကျုပ်နဲ့ ခင်တဲ့ လူတစ်ယောက်၊ အရပ်က ရှည်ရှည်၊ နာမည်ကလဲ ရှည်ရှည်ဘဲဗျ။ ဒီလူ့ကို ဘုရားကျောင်း ဘယ်မှာ ရှိသလဲ၊ အသက်တာ **SAFE** ဖြစ်အောင်၊ စိတ်နှလုံး နူးညံ့အောင်၊ ကျေးဇူးတော်တွေ တိုးပြီး သိလာအောင် ဘာလုပ်ရမလဲလို့ မေးရ အုံးမယ်။ ကျုပ်စိတ်ထဲ သေသေချာချာ သိလိုက်ရတာကတော့ ရင်ခွင်တော်လောက် အေးမြတဲ့ နေရာမရှိပါလား ဆိုတာပါဘဲ။ အင်း၊ ခုတော့ – ဘုရားသခင် နဲ့ နီးစေဖို့ ချီတက်သွားပြီဗျို့ ။ ။

**WATER ( Blue Star Brother )**

**00000000000000000000000000000000000000000000**

# သမားတော်ယေရှု

ကျွန်မ ဘဝအသက်တာမှာ ဘုရားသခင်ရဲ့ ကောင်းချီးမင်္ဂလာများစွာနဲ့ ကူညီစောင့်မမှု အမျိုးမျိုးကို တွေ့ကြုံခံစားခဲ့ရဖူးပါတယ်။ ဒီလို ခံစားခဲ့ရတဲ့ကျေးဇူးတော်တွေကို ချီးမွမ်းဖို့ အားဖြည့်ပေးတဲ့ "သခင့်စကား" စာစောင် ကို အလျှင်ဦးဆုံး ကျေးဇူးတင်ပါတယ်။

ကျွန်မ အသက် ၂နှစ် ကျော်ကျော်လောက်မှာ ချောင်းဆိုး ရင်ကြပ် အဆုတ်ပွတဲ့ ရောဂါကိုခံစားရပါတယ်။ ရာသီဥတု အေးတဲ့ အခါမှာ ရောဂါဟာ ပိုပြင်းထန် ပါတယ်။ ဖေဖေဟာ ကျွန်မကို လှိုင်မြို့နယ်မှာ ရှိတဲ့ အေး ဆေးခန်း(ယခင်) မှာ ညနေတိုင်း သွားရောက်ပြသပါတယ်။ မေမေကတော့ မောင်လေး ကိုယ်ဝန် အရင့်အမာ နဲ့မို့ မလိုက်နိုင်ခဲ့ပါဘူး။ ဒီလိုနဲ့ ကျွန်မရဲ့ ရောဂါဟာ မသက်သာတဲ့အပြင် တဖြည်းဖြည်း ဆိုးရွားလာခဲ့ပါတယ်။ မိဘနှစ်ပါးဟာ ကျွန်မကြောင့် တော်တော့်ကို စိတ်ဒုက္ခ ရောက်ခဲ့ရပါတယ်။ ကျွန်မဟာ ဘာအစာကိုမှ စားလို့မရတော့ပါဘူး။ အရိုးပေါ် အရေတင်တဲ့ လူရိုးခြောက်နဲ့ တူနေပါတော့တယ်။ တစ်ညနေမှာတော့ ဆေးခန်းက ဆရာဝန်က ကျွန်မကို သူလက်လျှော့လိုက်ပြီဖြစ်ကြောင်း ဆေးခန်းကို နောက်ထပ်လာစရာ မလိုတော့ ကြောင်း ပြောပါတယ်။



*အဓိပ္ပါယ်ကတော့ ကျွန်မဟာ မကြာခင်မှာဘဲ သေမင်းလက်ထဲကို ဆင်းသက်မဲ့ ကလေး မသာလေး ဖြစ်သွားတော့မယ်ဆိုတဲ့ သဘောပါဘဲ။*

ဖေဖေဟာ ကျွန်မကို အိမ်ပြန်ခေါ်လာခဲ့ပါတယ်။ အိမ်ရောက်တော့ မေမေ့ကို ပြန်ပြောပြရင်း အတူတူငိုကြွေးကြပါတယ်။ အိမ်နီးချင်းတွေလဲ ရောက်လာပြီး သေခါနီး ကျွန်မကို လာကြည့်ကြပါတယ်။ အိမ်နားက သစ်ပင်မှာလဲ ငှက်ဆိုးထိုး နေပါသေးတယ်။ မကြာခင် ကျွန်မ သေရ တော့မယ်ဆိုတာ အခြေအနေ အားလုံးဟာ သေချာနေခဲ့ပြီ။

ဒီအချိန်မှာ ဖေဖေဟာ မပြောမဆို ကျွန်မကိုပွေ့ချီပြီး အင်းစိန်ဈေးနားက ဒေါက်တာမင်းဦးဆီ ခေါ်သွားပါတယ်။ (ကျွန်မတို့ နေတာက အင်းစိန် ဘီအိုစီကွေ့ နံ့သာကုန်း မှာပါ ) ဒေါက်တာကလဲ စမ်းသပ်ပြီး မဖြစ်နိုင်တော့ကြောင်း ပြောပါတယ်။ ဖေဖေ ဝမ်းနည်းလွန်းလို့ ငိုကြွေးနေပါတယ်။ ဆရာဝန်က ဖေဖေ့ကို ကြည့်ပြီး သနားနေပါတယ်။ နောက်ဆုံး သူ ဆေးတစ်လုံး ထိုးပေးမယ်တဲ့ ဒီဆေးကြောင့် ကျွန်မဟာ ပြန်ကောင်းလာနိုင်သလို သေဆုံးချိန် မြန်သွားနိုင်ပါတယ်တဲ့။ ကျွန်မကို ရောဂါ မခံစားစေချင်တဲ့ စေတနာလဲပါမှာပေါ့။

ဒီအချိန်မှာဖေဖေဟာ ဘုရားရှင်ထံ ဆုတောင်းပါတယ်။ ကျွန်မကို ကယ်တင်ဖို့ ပြန်လည်ရှင်သန်ခွင့်ပေးဖို့ ဒီဆေးအားဖြင့် ကိုယ်တော်ရှင်ရဲ့ တန်ခိုးကို ပြသဖို့ပေါ့။ ဒီလိုနဲ့ ဒေါက်တာဟာ ကျွန်မကို ဆေးထိုးပေးပါတယ်။ ဒီဆေးထိုးပြီး မကြာခင်မှာ ကျွန်မဟာ ကလေးလေးတစ်ယောက်လို ငိုကြွေးပါ တယ်။ ဆရာဝန်လဲ အရမ်းအံ့သြသွားပါတယ်။ နောက်ပြီး ဖေဖေ့ကို ခင်ဗျား ဘာကိုးကွယ်သလဲလို့ မေးပါတယ်။ ဖေဖေက ကျွန်တော်ဟာ ခရစ်ယာန် တစ်ယောက် ဖြစ်ကြောင်း ပြောပြ လိုက်ပါတယ်။ ဒေါက်တာက ခင်ဗျားရဲ့ ဘုရားက သမီးလေးကို ကယ်လိုက်ပြီလို့ ပြန်ပြောပါတယ်။ ဆေးပညာရှင်တွေ အနေနဲ့ လူတစ်ယောက်ရဲ့ ကျန်းမာရေး အခြေ အနေကို သိနိုင်ပါတယ်။ သူတို့ရဲ့ တတ်နိုင်သမျှ စွမ်းအားနဲ့ဘဲ ကူညီနိုင်ပါတယ်။ အခု ကျွန်မလို အားလုံးက သေမင်းလက်ထဲ သက်ဆင်းဖို့ ယုံကြည်ထားတဲ့ ကလေးငယ် တစ်ယောက်ကို အသက်ရှင်သော သမားတော်ယေရှု တစ်ပါးတည်းသာ ကယ်တင်နိုင်ပါတယ်။ သေမယ်လို့ ဆေး ပညာရှင်တွေ ပြောထားတဲ့ ကျွန်မဟာ အခု မသေတဲ့အပြင် လူလားမြောက်လို့ စင်ကာပူမှာ အလုပ်လာလုပ်နိုင်တဲ့ အထိ ကျန်းမာရေး ကောင်းနေပါပြီ။ သမားတော်ယေရှုဟာ နတ်ဆိုးတွေကိုလဲ နှင်ထုတ်နိုင်တယ်။ ကန်းသူကို မြင်စေ တယ်၊ ဆိုတာ သမ္မာကျမ်းစာထဲမှာ တွေ့နိုင်ပါတယ်။

ယေရှုခရစ်တော် ကတိပေးထားတဲ့ သမ္မာကျမ်းစာထဲက ကတိတော်တွေကို မမေ့ဖို့ လိုသလို ကျွန်မတို့ရဲ့ မြင်နိုင်တဲ့ အလင်းတန်းတွေကို ပိတ်ဆို့ထားတဲ့ နတ်ဆိုးရဲ့ လုပ်ရပ်တွေကိုလဲ ယေရှုရဲ့ နာမနဲ့ အောင်မြင်နိုင်ပါတယ်။ မိတ်ဆွေ ဘယ်အရာကိုမှ မကြောက်ပါနဲ့။ ဘုရားသခင်က ကျွန်မတို့ လိုအပ်တာ

ကို ပေးဖို့ အသင့်ရှိပါတယ်။ အထူးသဖြင့် ရောဂါဝေဒနာ ခံစားနေရသူများ၊ ဆရာဝန်တွေက လက်လျှော့လိုက်လို့ အားမငယ်ပါနဲ့။ ကျွန်မတို့ရဲ့ အသက် သေဆုံးခြင်း၊ ရှင်သန်ခြင်းကို ပိုင်ဆိုင်တော်မူသော သမားတော်ယေရှုထံကို ယုံကြည် ကိုးစားမှုနဲ့ ဆုတောင်းဆက်ကပ်နိုင်ကြောင်း အသိပေးတင်ပြလိုက်ပါတယ်။

ခရစ်တော်၏ ချစ်ခြင်း၌ --- **မေဂျူနီ**

ooooooooooooooooooooooooooooooo

# အနှမ်းယန်းရဲ့ နေ့သစ်

ကျွန်မ ရဲ့ အာရုံအတွင်းကို ထိုးဖောက်ရောက်ရှိလာတဲ့ မောင် (တစ်ချိန်က မြတ်နိုးရသောသူ) နဲ့ သူ့ ချစ်သူအသစ်တို့ကို ငေးရီစွာကြည့်နေမိတဲ့ အကြည့်တို့ကို ရောင်လွဲရုပ်သိမ်းရင်း သက်ပြင်းတစ်ချက်ကို ဖွဖွ ရှိုက်လိုက်မိတယ်။ မှားလိုက်တာ၊ ဘာဖြစ်လို့များ ဒီနေရာကို လာခဲ့မိပါလိမ့်။

ကျွန်မ ညစာစားဖို့ နေရာယူ ထိုင်နေတဲ့ **Peninsula Plaza** ရဲ့ မြေအောက်ထပ် အဝင်ဝနဲ့ အနီးဆုံး စားပွဲလေးတစ်ခုမှာ မောင်က သူ့ရဲ့ ချစ်သူအသစ်ကို တမင်သက်သက် မုန့်ဟင်းခါး ခွံ့ကျွေး ပြလိမ့်မယ်လို့ ကျွန်မ လုံးဝ ထင်မထားခဲ့ပါဘူး။



"ကလေး စားလို့ ကောင်းရဲ့လား" ချစ်သူ အသစ်လေးအတွက် ရည်ရွယ် မေးလိုက်တဲ့ မောင့်ရဲ့ အသံ အုပ်အုပ်က လေနဲ့အတူ ကျွန်မ နားစည်ကို မှိန်ဖျော့စွာ လွင့်မျောပြီး ရောက်လာခဲ့ပါတယ်။ 'မကြည့်နဲ့' လို့ ကိုယ့်ကိုယ်ကို သတိပေးရင်းက အမှတ်တမဲ့ အကြည့်တို့က မောင်တို့ဆီကို ရွေ့လျား သွားကြပါတယ်။ ချစ်သူ မိန်းကလေးရဲ့ ပုခုံးအိအိကို ပွတ်သတ်ပြီး ကျွန်မရဲ့ အကြည့် ကို တင်ကြို စောင့်ဆိုင်းနေတဲ့ မောင့်ရဲ့ မျက်ဝန်းညိုကို ရင်ဆိုင်လိုက်ရတဲ့ အချိန်မှာတော့ ဝမ်းနည်းဖွယ် ကောင်းလောက်အောင် အေးစက်စူးရှလွန်းတဲ့ မောင့်မျက်ဝန်းတွေက ကျွန်မရဲ့ ရင်ကို နာကျင်စေခဲ့ပါတယ်။ မောင်တို့ဆီက အကြည့်တို့ကို အမြန်ရှောင်လွှဲရင်း လောကကြီးတစ်ခုလုံးကို အရှုံးပေးလိုက်ရသူ တစ်ယောက်လို ခေါင်းကို အစွမ်းကုန်ငုံ့ထားလိုက်မိပါတယ်။ အံ့သြနာကျင်မှု၊ ကြေကွဲတုန်လှုပ်မှု တို့နဲ့အတူ ပါးပြင်ပေါ်ကို အတားအဆီးမဲ့စွာ လိမ့်ဆင်းလာတဲ့ မျက်ရည်ပူများက အနှမ်းပန်းများ တွေ့ကြုံရလေ့ရှိတဲ့ လောကဓံ တရား တစ်ခုပင်ဖြစ်ကြောင်း ကျွန်မ သိရှိခံစားလိုက်ရပါတယ်။

ဒိုင်ယာရီရဲ့ စာမျက်နှာ တစ်ခုချင်းဆီကို ပြန်လှန်ပြီး ဖတ်ရှုနေမိချိန်မှာတော့ ဟိုး–လွန်ခဲ့တဲ့ ဖြနှစ်ကျော်က မောင်နဲ့ စတင်ဆုံဆည်းခဲ့တဲ့ တနင်္ဂနွေနေ့ ညနေခင်း အချိန်ကို ပြန်လည်သတိရ နေမိပါတော့တယ်။ အဲဒီ အချိန်တုံးက မောင်က ကျွန်မနဲ့ သိကျွမ်းခွင့်ရအောင် သူ့ရဲ့ ဝမ်းကွဲအစ်ကို ကို မိတ်ဆက်ပေးခိုင်းပါတယ်။ အဲဒီတုန်းက ကျွန်မက ယုံကြည်သူ မဖြစ်သေးတော့ မောင့်သွားတဲ့ ဘုရားကျောင်းကို လိုက်ခဲ့ဖို့ မောင်က ခေါ်ခဲ့ပါတယ်။ ဘုရားကျောင်းမှာ မောင်က သီချင်းဆို၊ ဂီတာတီးတာ တွေ့ရင် ကျွန်မ အရမ်းပျော်တယ်။ တစ်ခုကွာခြားတာကတော့ ကျွန်မက ညင်သာတဲ့ တေးသွားလေးတွေကို မြတ်နိုးပါသော်လည်း မောင်ကတော့ ဆူဆူညံညံ ရော့ခ် သီချင်းတွေကိုဘဲ အဆိုများလေ့ရှိပါတယ်။ အချိန်ကာလရဲ့ ရွေ့လျားမှုအောက်မှာ အစစ်နဲ့ အတုကို ခွဲခြားလာနိုင်တယ်ဆိုတဲ့ ဆိုရိုးအတိုင်း အချစ်စစ် မဟုတ်ခဲ့တဲ့ မောင့်ရဲ့ အချစ်တွေက တဖြည်းဖြည်းနဲ့ မှေးမှိန်ပျောက်ကွယ်သွားခဲ့ပါတယ်။ ကျွန်မ နောက်ဆုံး သတင်းရလိုက်တာကတော့ မောင်က ပညာရှိ အသိုင်းအဝိုင်း ထဲက ဆင်းသက်လာတဲ့ အမျိုးသမီးတစ်ယောက်နဲ့ ချစ်သူဖြစ်သွားကြတယ်ဆိုတဲ့ သတင်းပါဘဲ။

လောကရဲ့ တပ်မက်စရာ ပစ္စည်းဥစ္စာ ၊ ပညာဂုဏ်တွေ မပိုင်ဆိုင်ခဲ့လို့ ချစ်သူတစ်ယောက်ရဲ့ အချစ်ကို လက်လွှတ်ဆုံးရှုံးခဲ့ရတဲ့ ကျွန်မ အတွက် အနာဂါတ် မျှော်လင့်ချက်တွေ ပစ္စုပ္ပန် ယုံကြည်မှုတွေ ဟာ တစ်စစီပျက်သုဉ်းပြီး ရှင်သန်နိုင်မှုမဲ့စွာ သေဆုံးသွားခဲ့ပြီလို့ တိကျတဲ့အဖြေကို သိလိုက်ရချိန်မှာ ကြေကွဲခြင်းများစွာနဲ့ စားသောက်ဆိုင်ထဲက ပြန်လှမ်းထွက်လာဖို့ ခြေလှမ်းပြင်လိုက်တဲ့အခါ ကျွန်မရဲ့ ရှေ့မှာ ခြေစုံရပ်နေတဲ့ ဓမ္မအမှုတော်ဆောင်တစ်ပါးကို တွေ့လိုက်ရပါတယ်။ ဆရာက ယဉ်ကျေး ပျူငှာစွာနဲ့ စတင် နှုတ်ဆက်စကားပြောရင်း "မနေ့၊ ယနေ့၊ နောင်ကာလ မပြောင်းမလဲ သင့်ကို ချစ်တဲ့သူ" ဆိုတဲ့ စာစောင်နဲ့အတူ ထိုသူရဲ့ စစ်မှန်တဲ့ မေတ္တာအကြောင်း ပြောပြပါတယ်။ ထိုသခင်ဟာ ပညာဂုဏ်မရှိ၊ ဆင်းရဲနွမ်းပါးတဲ့ လူတန်းစားတွေကိုလဲ မခွဲခြားဘဲ အသက်စွန့်ချစ်ခဲ့တယ်။ ယော ၁၅း၁၃။ **ကိုယ်အဆွေတို့ အဖို့ အလို့ငှာ ကိုယ်အသက်ကို စွန့်ခြင်းမေတ္တာထက် သာ၍ မြတ်သောမေတ္တာသည်၊ အဘယ်သူ၌မျှ မရှိ။** ကျွန်မရဲ့ အားငယ်မှုတွေကြားက ဆရာ့ရဲ့ ဒေသနာတော်ကို ကြားနာလိုက်ရတဲ့ အခါမှာ ဝမ်းမြောက်ခြင်းနဲ့ အတူ သခင့်ရဲ့ မေတ္တာကို ပိုမိုသိနိုင် ဖို့ ကြိုးစားလေ့လာချင်စိတ်တွေ တဖွားဖွား ပေါ်လာ ခဲ့ပါတယ်။

တစ်နှစ်တာ ကာလပါတ်လုံး စိတ်ပင်ပန်း လူပင်ပန်း အလုပ်လုပ်ကိုင် လာခဲ့ရလို့ တဖန် စိတ်ရဲ့ လန်းဆန်းမှုကို ရယူလိုတာကြောင့် အလုပ်ရှင်ဆီမှာ ခွင့်တောင်းပြီး မလေးရှားနိုင်ငံကို အလည် အပါတ်ခရီး ထွက်လာခဲ့ပါတယ်။ ခရီးတစ်ခု အတွက် ကျွန်မ သုံးဆောင်ရမဲ့ ဆေးဝါးက အစ၊ အဝတ်အထည်ပစ္စည်းအဆုံး အားလုံးကို ယူဆောင်ပြီး ကွာလာလမ်ပူကို ဦးတည်ပြေးတဲ့ ညဘတ်စကားပေါ်မှာ လိုက်ပါသွားခဲ့ပါတယ်။ အဝေးပြေးဘတ်စကား ဖြစ်တဲ့အတွက် လေအေးစက်ကို အစွမ်းကုန် ဖွင့်ထားပါတယ်။ ကျွန်မလို အအေးဒဏ် မခံနိုင်တဲ့ ပန်းနာရင်ကျပ် ရောဂါသည်အတွက် အလွန်မှ အခံရခက်လှပါတယ်။ ဒီဇင်ဘာလရောက်ရင် နှင်းတွေကျတတ်တဲ့ ကျွန်မရဲ့ ဇာတိမြို့လေးကို လွမ်းဆွတ်နေမိပေမဲ့ မိသားစုရဲ့ စားဝတ်နေရေးကို ဖြည့်ဆည်းပေးဖို့အတွက် ကျွန်မ ရရာ အလုပ်လုပ်ရင်း ငွေရှာရတဲ့ဘဝကို ရောက်ခဲ့ရ ပါတယ်။ ကျွန်မရဲ့ အလုပ်က သိပ်မပင်ပန်းတဲ့အတွက် ပန်းနာရောဂါသည် ဖြစ်နေပေမဲ့ အလုပ်လုပ်နိုင်ပါသေး တယ်။ တောင်စဉ်ရေမရ အတွေးများစွာနဲ့ အဝေးပြေး ဘတ်စကားပေါ်မှာ လိုက်ပါသွားလိုက်တာ မကြာခင်မှာဘဲ ကျွန်မ အိပ်ပျော်သွားခဲ့ပါတယ်။

ကျွန်မ မျက်လုံးအစုံကိုမှိတ်လို့ အိပ်ပျော်သွားခဲ့ပြီး သိပ်မကြာခင်မှာ အလျင်အကြိမ်များစွာ တုံးကလို ကြမ်းတမ်းအေးစက်တဲ့ လက်ဝါးနှစ်ဘက်က ကျွန်မ ရင်ဘတ်ပေါ်လေးလံစွာ ကျရောက်လာသလို ခံစားရပါတယ်။ အညှာအတာမဲ့စွာ ရက်စက်လွန်းတဲ့ ထိုလက်နှစ်ဘက်ရဲ့ လုပ်ကြံမှုက ကျွန်မရဲ့ ရင်အစုံကို ပေါက်ကွဲ လုမတတ် တင်းကျပ်လာစေသလို အသက်ရှူခြင်းကိုလည်း ချွတ်ချော်လွဲမှားလာစေခဲ့ပါတယ်။ အဲဒီနောက်တော့ ထုံးစံအတိုင်း တုန်လှုပ်ခြောက်ခြားမှု၊ ဖိုလှိုက် မောပန်းမှုတို့နဲ့အတူ လန့်နိုးလာခဲ့ပါတယ်။

ကျွန်မ အလန့်တကြား ထထိုင်ရင်း အသက်ရှူမှု ရပ်တန့်မသွားစေဖို့ ခက်ခဲပင်ပန်းစွာ ကြိုးစားနေမိပါတယ်။ သို့သော် ဘတ်စကား တစ်စီးလုံးထဲတွင် ရှုစရာ လေမရှိတော့သည့်အလား ကျွန်မရဲ့

ကြိုးစားမှုမှာ အချည်းနှီးသာ ဖြစ်နေပါတယ်။ ခရီး ဆောင်အိတ်ထဲက ဆေးပုလင်းကို အမောတကော လိုက်ရှာပေမဲ့ အမောဖောက်လာရင် သောက်နေကျ ဆေး ထည့်မလာခဲ့မိဘဲ မှားယူလာတဲ့ ဆေးတွေဟာ လဲ အားဆေးများ ဖြစ်နေခဲ့ပါတယ်၊ ကျွန်မ မျှော်လင့် ချက် မဲ့နေခဲ့ပါပြီ။ ကျွန်မ အသက်ထွက်လုလုအချိန်မှာ ပြေးပြီးသတိရလိုက်မိတဲ့ ပုဂ္ဂိုလ်ကတော့ "သခင် ယေရှု"ပါဘဲ။ ကျွန်မ အစွမ်းကုန် အားယူရင်း၊ "သခင် သမီးကို ကယ်တော်မူပါ"လို့ အော်ခေါ်နေမိပါတယ်။ ဒီအချိန်မှာ နွေးထွေးတဲ့ သခင်ယေရှုရဲ့ လက်အစုံတို့က ကျွန်မကို ပွေ့ဖက်ထားသလို နွေးထွေးမှုကို ခံစားလိုက်ရပါတယ်။ "ကိုယ်တော်သခင် သမီးကို စစ်မှန်တဲ့ အချစ်နဲ့ ထာဝရ ချစ်သွားမယ်ဆိုရင် သမီးရဲ့ ရောဂါကို နှုတ်ယူတော်မူပါ၊ ဆက်လက် အသက်ရှင်ခွင့်ပေးပါ။ ကိုယ်တော့် ရဲ့ အချစ်ကို ပိုမို သိနိုင်ဖို့ ကိုယ်တော်နှင့်အတူ အသက်ရှင်ခွင့်ပေးတော်မူပါ။ ကိုယ်တော့်ကို အကြွင်းမဲ့ချစ်ပါ၏။ မျှော်လင့်ပါ၏၊ ယုံကြည်ပါ၏၊ "လို့ ဆုတောင်း လိုက်တဲ့အခါမှာတော့ စောစောက ပေါက်ကွဲလုမတတ် တင်းကျပ်နေခဲ့တဲ့ ရင်အစုံဟာ သိသာစွာ ပြေလျော့လာသလို အသက်ရှူမှုဟာလည်း ချောမွေ့ငြင်သာ လာပါတော့တယ်။ သခင်ခရစ်တော်ရဲ့ စောင်မမှုကြောင့် ပန်းနာရင်ကြပ်ရောဂါကို အောင်မြင်စွာတွန်းလှန်နိုင်ခဲ့တဲ့ ကျွန်မဟာ မကြာခင်မှာ အေးချမ်းစွာ ပြန်လည် အိပ်ပျော်သွားတော့တယ်။

နွမ်းပါးနေတဲ့ ဘဝကြောင့် ချစ်သူရဲ့ စွန့်ပစ်ခြင်းခဲ့ရသူ၊ ပန်းနာရောဂါရဲ့ ဖိစီးမှုကြောင့် စိတ်ပင်ပန်း၊ လူပင်ပန်း မကျန်းမာခဲ့ရတဲ့ နာရီတွေကို ကျွန်မ ပြန်ပြီး စဉ်းစားမိ လေလေ၊ ကျွန်မ ဆက်လက် အသက်ရှင်ဖို့ ခွန်အားမရှိ နွမ်းလျနေခဲ့ပေမဲ့ သခင်ယေရှုခရစ်တော်ကို လက်ခံရရှိလိုက်တဲ့ အချိန်မှာ ခွန်အားအသစ်နဲ့ ထွက်ပေါ်လာတဲ့ နံနက်ခင်း နေမင်းကို မျှော်ကြည့်နေတဲ့ လင်းယုန်ငှက်ရဲ့ ခွန်အားပမာ ကျွန်မရဲ့ ရင်ထဲက ထွက်ပေါ်လာတဲ့ ချီးမွမ်းသံကတော့ ...

Lord of love you have won my heart.
Your love forever will endure.
Every moment, every hour
you remain a faithful tower
in your arm I rest secure
oh love your love forever will endure.

ကိုယ်တော်သခင်ကို သိကျွမ်းရသော အခွင့် ရရှိသောကြောင့် ၊ "ညဦးယံ၌ ငိုကြွေးခြင်းသည်၊ လာ၍ တည်းခို၏၊ နံနက်ယံ၌ကား သီချင်းဆိုရသော အခွင့်ရှိ၏။"
ဆာလံ ၃၀း၅
ခရစ်တော်၏ မေတ္တာဖြင့် – **ဒေါ်အမီထွန်း**

# နာကျည်းချက်

တပ်မက်ခြင်း မရှိတဲ့
ညနေခင်း တစ်ချို့နဲ့
တစ်ချိန်က ၊ ကျုပ် ရင်းနှီးဖူးခဲ့တယ်။
ရွေ့လျားမှု အားလုံးဟာ
အရမ်းကို ရိုးစင်းလွန်းလှလို့
ရာစုနှစ် တစ်ခုကို
ခေတ် နောက်ပြန် ဆွဲထားသလိုဘဲ ။

တဂိုးရဲ့ ကဗျာ တစ်ချို့
တော်စတွိုင်းရဲ့ ဝတ္ထုတစ်ပုဒ်
ဂျက်လန်ဒန်ရဲ့ သမိုင်းဝင် စာပေလို့
ကျော်ကြားခဲ့သလို ၊
'ဦးသန့်' ဆိုတာ ၊ ကမ္ဘာမှာ မြန်မာ ရယ်လို့
ခေတ် တစ်ခေတ်ရဲ့ ၊ မှတ်ကျောက် တစ်ခု ဆိုတာ
ဒီဘက်ခေတ်က လူငယ်တစ်ချို့
မေ့မေ့ပျောက်ပျောက် မဖြစ်သင့်ဘူး ။
ရွှေနိုင်ငံလို့ ကဗ္ဗည်းတင် ရလောက်အောင်
အင်မတန်မှ ဖြူစင်လှတဲ့ ပြည်ထောင်စုကြီးက
တစ်ပြည်တည်း ဖွားတွေဘဲ
ပြည်ပမှာ 'ခင်ဗျား' ဘယ်လောက်ထိ
လက်မ ထောင်နိုင်မှာလဲ ။

လူတစ်ချို့ ကတော့
ထမင်းစား ကျွန်ခံ ဘဝ ၊ ဖြစ်မှန်း မသိ ဖြစ်
တစ်နေ့တော့ 'ခင်ဗျား' လဲ
ကိုယ့်ရွာပြန်ပြီး အနေလှ ချင်မှာပါ။
ရာဇဝင်ထဲက နောင်တော်ကြီးတွေက
ကိုယ့်သမိုင်းကိုယ် ရေးခဲ့တဲ့ လူတွေချည်းဘဲ
ကဗျာဆရာ တစ်ယောက် ကတော့
"ကျွန်ုပ်၏ နောက်ဆုံး နှုတ်ဆက်ခြင်း" ဆိုတဲ့
ကဗျာတစ်ပုဒ်နဲ့ ကမ္ဘာကျော် ခဲ့ဖူးတယ် ။
**( သက်တံချို )**

# အပြစ်သားတစ်ယောက်ဆီမိတ်ကျူး

အချစ်ကို သုံး
အမုန်းကို ရှန်း

သစ္စာကို ပေး
မေတ္တာကို ရွေး

လောဘကို မကမ်း
ဒေါသကို မနမ်း

နှုတ်ကပါတ်တော်ကို ဟော
တရားတော်ကို ပြော

မာန်မာန ကင်း
နှိမ့်ချခြင်းဖြင့်
လူချင်း – ချစ်ကြမယ်လေး ။

**( Saw A. Thaw )**

# မင်္ဂလာ (၁)

ချစ်ကြင် စ မို့ ၊ ပြစ် မမြင် ကြပေမဲ့ ၊
ဆန်ဖိုး ၊ ဆီဖိုး ၊ မီးသွေးဖိုး –
ဘာဖိုး၊ ညာဖိုး တွေက ၊ တိုး–တိုး ခဲ့တော့
အိမ်သူ မျက်စောင်း ထိုးတတ်လာခဲ့ပေါ့ ။

ကြီးထွားလာမဲ့ ၊ သမီး သားတွေ အတွက်
ပညာရေး ၊ ကျန်းမာရေး ၊ ဝိညာဉ်ရေး –
ဘာ အရေး ၊ ညာ အရေးတွေကို
တွေး–တွေး မိလိုက်တော့
အိမ်သူ ရတက် မအေးခဲ့ပေါ့ ။

ခေါင်း ဆံပင်ဖြူ ၊ သွား အတု ကူ
ဆေးမြီးတိုလဲ ရှူ နေရတော့
အိမ်သူ မျက်ဖြူ ဆိုက်ခဲ့ပေါ့ ။

အသွင်မတူ အိမ်သူမဖြစ်တဲ့ ၊
'သခင်'တူလို့ အိမ်သူဖြစ်ခဲ့ကြပြီးတဲ့ တို့နှစ်ယောက်
ကုလားကာ နောက်က အနာဂါတ်ကို
ဘွဲမခတ်ကြေး စိမ်ခေါ်လိုက်စမ်းပါ ။

"ဘာအရေး၊ ညာအရေးအတွက် စိတ်မအေး မဖြစ်နဲ့။
ဘာဖိုး ညာဖိုး အတွက် စိတ်မဆိုး စမ်းနဲ့၊
တို့ အသက်ဟာ သခင့် လက်ထဲမှာမို့
ရွှေ အိမ်မက်လေး မက်ကြစို့" လို့ ...
(ကျွန်တော်က)
ကဗျာစပ်ပြီး ရေးလိုက်တော့
အိမ်သူ ရှက်ပြီး ပြုံးနေပေါ့ ။
**( မင်းဒေါ်အောင်သက်လွင် )**
( ၄–၁–၂၀၀၄ ရက်နေ့တွင် ကျရောက်သော မင်္ဂလာ တစ်နှစ်ပြည့် အမှတ်တရ အဖြစ် ရေးစပ် ပါသည် )